**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ညွှန်ကြားချက်အမှတ်၊ ၃ /၂၀၂၃**

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **"သင်္ဘောမောင်းဆီကြောင့် ညစ်ညမ်းပျက်စီးခြင်းဆိုင်ရာညွှန်ကြားချက်"** ကို ထုတ်ပြန်လိုက်သည်။

၁။ (က) ဤညွှန်ကြားချက်သည် အောက်ပါတို့နှင့်သက်ဆိုင်စေရမည်-

(၁) ၂၀၀၁ ခုနှစ်၊ သင်္ဘောမောင်းဆီယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန် တာဝန်ရှိခြင်းနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (International Convention on Civil Liability for Bunker Oil Pollution Damage, 2001) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ စီရင်ပိုင်ခွင့်အတွင်း ရောက်ရှိနေသော မြန်မာသင်္ဘောကြောင့်ဖြစ်စေ၊ အထူးသီးသန့်စီးပွားရေးဇုန်အပါအဝင် မြန်မာ့ရေပြင်အတွင်းရှိ မည်သည့်သင်္ဘောကြောင့်ဖြစ်စေ သင်္ဘောမောင်းဆီယိုဖိတ်ခြင်း သို့မဟုတ် စွန့်ထုတ်ခြင်းကြောင့် ဖြစ်ပွားခဲ့သည့် ညစ်ညမ်းပျက်စီးဆုံးရှုံးမှု၊

(၂) အပိုဒ်ခွဲငယ် (၁) ပါ ညစ်ညမ်းပျက်စီးဆုံးရှုံးမှုအား တားဆီးရန် သို့မဟုတ် လျော့ပါးစေရန် မည်သည့်နေရာဒေသတွင်မဆို ဆောင်ရွက်သော ကာကွယ်တားဆီးရေး အစီအမံများ။

(ခ) ဤညွှန်ကြားချက်သည် စစ်သင်္ဘောများ၊ တပ်မတော် (ရေ) အထောက်အကူပြုသင်္ဘောများနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးအတွက် ရည်ရွယ်ပြေးဆွဲခြင်း မဟုတ်ဘဲ လက်ရှိအချိန်တွင် အစိုးရကိစ္စအတွက်သာအသုံးပြုသည့် အစိုးရ

က ပိုင်ဆိုင်သော သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သောသင်္ဘောများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂။ (က) စီးပွားရေးလုပ်ငန်းအတွက် ရည်ရွယ်အသုံးပြုလျက်ရှိသော နိုင်ငံတစ်နိုင်ငံ၏ အစိုးရက ပိုင်ဆိုင်သည့် သို့မဟုတ် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောများနှင့်စပ်လျဉ်း၍ သင်္ဘောမောင်းဆီယိုဖိတ်ခြင်း၊ စွန့်ထုတ်ခြင်းကြောင့် ညစ်ညမ်းပျက်စီးဆုံးရှုံးမှုအတွက် အဆိုပါနိုင်ငံက တာဝန်ရှိစေရမည်။

(ခ) သင်္ဘောမှ ဖြစ်ပေါ်လာသည့် သင်္ဘောမောင်းဆီ ယိုဖိတ်ခြင်း သို့မဟုတ် သင်္ဘောပေါ်တွင်ပါရှိသော သင်္ဘောမောင်းဆီစွန့်ထုတ်ခြင်းကြောင့် ညစ်ညမ်းပျက်စီးဆုံးရှုံးမှု ဖြစ်ပွားသည့်အခါ မည်သည့် ညစ်ညမ်းပျက်စီးဆုံးရှုံးမှုအတွက်မဆို သင်္ဘောပိုင်ရှင်၌ တာဝန်ရှိစေရမည်။

(ဂ) မူရင်းစတင်ဖြစ်ပွားမှု တစ်ခုတည်းမှ ဆင့်ကဲဖြစ်ရပ်များ ပါဝင်သည့် ဖြစ်စဉ်တွင် ပထမဆုံးဖြစ်ရပ် ဖြစ်ပွားချိန်ရှိ သင်္ဘောပိုင်ရှင်၌ တာဝန်ရှိစေရမည်ဖြစ်ပြီး တစ်ဦးထက်ပို၍ တာဝန်ရှိပါက ပူးတွဲ၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပေးလျော်ရန် တာဝန်ရှိစေရမည်။

(ဃ) သင်္ဘောပြင်ပရှိ မည်သည့်အရာကိုမဆို ပျက်စီးဆုံးရှုံးစေနိုင်သော ခြိမ်းခြောက်မှုအန္တရာယ်ကြီးမားစွာ ကျရောက်လာပါက ထိုသို့ညစ်ညမ်းပျက်စီးဆုံးရှုံးခြင်းမှ တားဆီးရန် သို့မဟုတ် လျော့ပါးစေရန် ကျိုးကြောင်းဆီလျော်စွာ ဆောင်ရွက်ရသည့် ကာကွယ်တားဆီးရေး အစီအမံများအတွက် ကုန်ကျစရိတ်ကို သင်္ဘောပိုင်ရှင်က ပေးလျော်ရန် တာဝန်ရှိသည်။

(င) ညစ်ညမ်းပျက်စီးဆုံးရှုံးမှုဖြစ်ပွားသည့် ဖြစ်စဉ်တစ်ခုတွင် သင်္ဘောနှစ်စီး သို့မဟုတ် နှစ်စီးထက်ပို၍ ပါဝင်ပတ်သက်ပါက အဆိုပါဖြစ်စဉ်တွင်ပါဝင်သည့် သင်္ဘောပိုင်ရှင်အသီးသီးအနေဖြင့် လျော်ကြေးအား ကျိုးကြောင်းသင့်လျော်စွာ ခွဲခြား၍မရပါက ပူးတွဲ၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပေးလျော်ရန် တာဝန်ရှိစေရမည်။

၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် သင်္ဘောမောင်းဆီ ယိုဖိတ်ခြင်း သို့မဟုတ် စွန့်ထုတ်ခြင်းကြောင့် ညစ်ညမ်းပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ သင်္ဘောပိုင်ရှင်၏ တာဝန်ရှိမှုအား ကန့်သတ်ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့အတွက် ၂၀၀၁ ခုနှစ်၊ သင်္ဘောမောင်း

ဆီယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန် တာဝန်ရှိခြင်းနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များအတိုင်း ခွင့်ပြုနိုင်သည်။

၄။ သင်္ဘောမောင်းဆီယိုဖိတ်ခြင်း သို့မဟုတ် စွန့်ထုတ်ခြင်းကြောင့် ညစ်ညမ်းပျက်စီး ဆုံးရှုံးမှုအတွက် တရားမကြောင်းအရ ပေးလျော်ရန်တာဝန်ရှိမှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ ရှိလာပါက ၂၀၀၁ ခုနှစ်၊ သင်္ဘောမောင်းဆီယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန် တာဝန်ရှိခြင်းနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များအတိုင်း ဖြစ်စေရမည်။

၅။ လုံးပေါင်းတန်ချိန် ၁၀၀၀ ထက်ပိုသော သင်္ဘောများ၏ ပိုင်ရှင်တိုင်းသည် ဤညွှန်ကြားချက်ပါ ညစ်ညမ်းပျက်စီးဆုံးရှုံးမှုအတွက် ၎င်း၏တာဝန်ရှိမှုအပေါ် ၁၉၇၆ ခုနှစ်၊ ရေကြောင်းဘက်ဆိုင်ရာ လျော်ကြေးတောင်းခံခြင်းများအတွက် တာဝန်ရှိမှု ကန့်သတ်ခြင်းနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ယင်း၏ နောက်ဆက်တွဲစာချုပ်များ (Convention on Limitation of Liability for Maritime Claims, 1976 and its Protocols) ပါ ပြဋ္ဌာန်းချက်များအတိုင်း မဖြစ်မနေထားရှိရမည့် အာမခံ သို့မဟုတ် ငွေကြေးဆိုင်ရာ အခြားအာမခံချက်ကို ထားရှိရမည်။

၆။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အပိုဒ် ၅ အရ အာမခံ သို့မဟုတ် ငွေကြေးဆိုင်ရာအခြားအာမခံချက်ထားရှိပြီးသော မြန်မာသင်္ဘောများအား သင်္ဘောမောင်းဆီယိုဖိတ်မှုအာမခံလက်မှတ်ကို နောက်ဆက်တွဲပါပုံစံဖြင့် ထုတ်ပေးရမည်ဖြစ်ပြီး လက်မှတ်၏ သက်တမ်းသည် အပိုဒ် ၅ ၏ အာမခံ သို့မဟုတ် ငွေကြေးဆိုင်ရာ အခြားအာမခံချက်သက်တမ်း အတိုင်း ဖြစ်ရမည်။

၇။ မြန်မာသင်္ဘောများ၏ပိုင်ရှင်များ၊ မန်နေဂျာများနှင့် သင်္ဘောလုပ်ငန်းဆောင်ရွက်သူများသည် အပိုဒ် ၆ ပါ သက်တမ်းရှိ သင်္ဘောမောင်းဆီယိုဖိတ်မှုအာမခံလက်မှတ်ကိုလည်းကောင်း၊ နိုင်ငံခြားသင်္ဘောများ၏ပိုင်ရှင်များ၊ မန်နေဂျာများနှင့် သင်္ဘောလုပ်ငန်းဆောင်ရွက်သူများသည် အလံတင်နိုင်ငံ၏ အခွင့်ရအာဏာပိုင်အဖွဲ့ သို့မဟုတ် ၂၀၀၁ ခုနှစ်၊ သင်္ဘောမောင်းဆီယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန် တာဝန်ရှိခြင်းနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အခွင့်ရအာဏာပိုင်

အဖွဲ့ကထုတ်ပေးထားသည့် သက်တမ်းရှိ သင်္ဘောမောင်းဆီယိုဖိတ်မှုအာမခံလက်မှတ်ကိုလည်းကောင်း သင်္ဘောများပေါ်တွင် အစစ်ဆေးခံနိုင်ရန် ထားရှိရမည်။

၈။ မည်သည့်သင်္ဘောမဆို သက်တမ်းရှိ သင်္ဘောမောင်းဆီယိုဖိတ်မှုအာမခံလက်မှတ်မရှိလျှင် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်ဆိပ်ကမ်း သို့မဟုတ် နေရာဒေသတစ်ခုသို့ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ ဝင်ရောက်ရန်အားထုတ်ခြင်း သို့မဟုတ် ထွက်ခွာရန်အား ထုတ်ခြင်းမပြုရ။

၉။ ဤညွှန်ကြားချက်သည် ၁၉၉၂ ခုနှစ်၊ ဆီယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန်တာဝန်ရှိခြင်းနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (International Convention on Civil Liability for Oil Pollution Damage, 1992) ပါ ညစ်ညမ်းပျက်စီးဆုံးရှုံးမှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

Ko Ko Naing

ဒေါက်တာကိုကိုနိုင်

ခေတ္တညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ရညန/ ညွှန်ကြားချက်/ ၅၀၈

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

**ဖြန့်ဝေခြင်း**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ငါးလုပ်ငန်းဦးစီးဌာန

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

မြန်မာ့အာမခံလုပ်ငန်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

Shining Star Shipping Co., Ltd.

နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း

ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း

မြန်မာနိုင်ငံကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအသင်း

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

} ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

**မိတ္တူကို**

- ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊
- စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
- ဥပဒေရေးရာဝန်ကြီးဌာန၊
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
- စွမ်းအင်ဝန်ကြီးဌာန၊
- ရုံးလက်ခံ။